**၃၁ - ၃ -၂၀၁၇ ရက်နေ့ နံနက် (၉း၀၀) နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်သည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဒီပလိုမာ စာရင်းကိုင် ( ဒုတိယပိုင်း ) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ပြောကြားသည့် အမှာစကား**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) သင်တန်း ဆင်းပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ ကထိကများနှင့်သင်တန်းသူ၊ သင်တန်းသားများအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းကို ၁-၆-၂၀၁၆ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့သင်တန်းဆင်းကြရတော့မှာ ဖြစ်ပါတယ်။ ဒီသင်တန်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများအပါဝင် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသူ/သား (၁၆၁)ဦး တက်ရောက်ခဲ့ကြပါတယ်။ သင်တန်းကာလ (၁-၆-၂၀၁၆ ရက်နေ့မှ ၂၈-၂-၂၀၁၇ ရက်နေ့ထိ) ၊ (၉) လတာ ကာလအတွင်း အပြီးသတ်ကျောင်းခေါ်ချိန်(၆၀%)မပြည့်သူ (၆)ဦး ထုတ်ပြန်ခဲ့ပြီး ဖြစ်၍ ကျန်ရှိသောသင်တန်းသား/သူ (၁၅၅)ဦး အနေဖြင့် ၂၀၁၇ခုနှစ်၊ ဧပြီလ၊ (၂၄)ရက်နေ့မှ မေလ(၂)ရက်နေ့အထိ ကျင်းပမယ့်စာမေးပွဲကို ဝင်ရောက်ဖြေဆို ကြပြီးအားလုံး အောင်မြင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပါတယ် ။

ယနေ့ မိမိတို့နိုင်ငံအနေဖြင့် ပြောင်းလဲလာတဲ့စနစ်တွေနဲ့အညီ စီးပွားရေး စနစ်ကို ဈေးကွက်စီးပွားရေးသို့ အခြေခံတဲ့စနစ်အဖြစ် လွတ်လပ်စွာ ဆောင်ရွက် ခွင့်ပြုထားတာကြောင့် နိုင်ငံသားများပိုင်၊ နိုင်ငံခြားသားများပိုင်၊ ကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများ ပေါ်ပေါက်ဖြစ်ထွန်း နေပါတယ်။

ဒီလုပ်ငန်းတွေအောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာဟာ စာရင်းဇယားတွေပေါ်မှာ ထင်ဟပ်ပေါ်လွင်နေပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍမှာ စာရင်းမှန်ကန်ပြည့်စုံမှုဟာ အရေးပါတာကြောင့် စာရင်းပညာတတ်ကျွမ်းသူများရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါတယ်ဆိုတာ ပြောကြားလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်တွင် လူသားစွမ်းရည် အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်ကဆောင်ရွက်ပေးနေခြင်းများအနက် စာရင်းပညာတတ်ကျွမ်းသူများ မွေးထုတ်ပေးခြင်းကလည်း နိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းက ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ယခုဆိုလျှင် ပြည်ပမှ Grants, Aids, Loans တွေရရှိလျက်ရှိပြီး စာရင်းပညာရှင်များအနေဖြင့် ယင်းထောက်ပံ့ငွေများဖြင့် ဆောင်ရွက်သော လုပ်ဆောင်ချက်များကို Accountability, Transparency ရှိစေရန် စစ်ဆေးပေးကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မိမိတို့နိုင်ငံမှာ ကျွမ်းကျင်တဲ့စာရင်း ပညာရှင်တွေ စာရင်းတတ်ကျွမ်းသူတွေ များစွာ လိုအပ်လာတော့မှာဖြစ်ပါတယ်။

ကမ္ဘာကြီးသည် ကမ္ဘာ့ရွာကြီး (Global Place) ဖြစ်နေပြီဖြစ်သည့်အတွက် စာရင်းပညာရှင်များ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် အများကြီးလိုအပ်နေပြီဖြစ်ပါတယ်။ ရလဒ်ကောင်း(၇)ခုနှင့်အညီ တိုးတက်ရန် လုပ်ဆောင်ရမည့် Area (၇)ခုရှိပြီး အဓိက Area ဖြစ်သည် (Techhical & Ethical) လုပ်ငန်းကျွမ်းကျင်မှုနှင့် အကျင့်စာရိတ္တ ကောင်းမွန်မှုမှာ ထိပ်ဆုံးတွင်ရှိရမှာ ဖြစ်ပါတယ်။ (Creative Quotient) တီထွင်ဖန်တီးနိုင်မှုအပိုင်း၊ (Intelligent Quotient) ဉာဏ်ရည်ဉာဏ်စွမ်းရှိမှုအပိုင်း၊ (Emotional Quotient) စိတ်ပိုင်းဆိုင်ရာတီထွင်မှု အပိုင်း၊ ( Digital Quotient ) ကွန်ပျူတာအပိုင်းနှင့် တွက်ချက်မှုအပိုင်း၊ (Experience

Quotient) အတွေ့အကြုံကောင်းရရှိမှုအပိုင်း၊ (Vision Quotient) အမြော်အမြင်ရှိမှုအပိုင်းစသည့် Portion(7)ခုနှင့်အညီ စာရင်းစစ်၊ စာရင်းကိုင်များ စိန်ခေါ်မှုအနေဖြင့် ဦးထိပ်ပန်ဆင် ဆောင်ရွက်မှသာ ခေတ်နှင့်အညီ တိုးတက်လာမှာဖြစ်ပါတယ်။

စာရင်းပညာတတ်ကျွမ်းသူများအနေဖြင့် စာရင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ရာတွင် စာရင်းပညာဆိုင်ရာ အရည်အချင်း၊ နားလည်တတ်ကျွမ်းမှုနှင့် အတွေ့အကြုံများ စုံလင်ပြည့်ဝနေရန် လိုအပ်သည့်အပြင် စာရင်းပညာတတ်ကျွမ်းသူတို့ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများ၊ စည်းကမ်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပါတယ်။

သင်တန်းသူ/သားများအနေဖြင့် မကြာမီ စာမေးပွဲဖြေဆိုကြတော့မှာ ဖြစ်ပါတယ်။ စာမေးပွဲမှာ အောင်မှတ်အနေဖြင့် အမှတ်(၄၀)လို့ သတ်မှတ်ထားပါတယ်။ Major Subject , Minor Subject ခွဲခြားမှုမရှိဘဲ မည်သည့်ဘာသာ မဆို ရမှတ်(၄၀) မပြည့်ပါက ကျရှုံးတယ်လို့ သတ်မှတ်မှာဖြစ်ပါတယ်။ စာမေးပွဲ စနစ်အနေဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီကကျင်းပတဲ့ စာမေးပွဲတွေမှာ စာစစ်မှူးသည် ကထိက မဖြစ်ရပါဘူး။ ကထိကသည် သတ်မှတ်ထားတဲ့သင်ရိုး ညွှန်းတမ်းအတိုင်း သင်ကြားပို့ချပေးပြီး သင်ကြားပို့ချပေးမှု မှတ်တမ်းကို မြန်မာနိုင်ငံစာရင်းကောင်စီရုံးသို့ ပေးပို့ရပါတယ်။ မြန်မာနိုင်ငံစာရင်းကောင်စီ ရုံး၏ စာစစ်ကော်မတီက အစည်းအဝေးပြုလုပ်ပြီး လျှို့ဝှက်စနစ်နဲ့ စာစစ်မှူး ရွေးချယ်ပါတယ်။ စာစစ်မှူးကို ကထိကရဲ့ သင်ကြားပို့ချမှုမှတ်တမ်းနဲ့ သင်ရိုး ညွှန်းတမ်းပေးပို့ပြီး မေးခွန်းပြုစုစေပါတယ်။ ကထိကနှင့် စာစစ်မှူးတစ်ဦးစီ ဖြစ်တဲ့အတွက် သင်တန်းသူ/သားများအနေဖြင့် သင်ကြားပို့ချမှုများကို အပြည့် အစုံလေ့လာကျက်မှတ်ထားဖို့လိုပါတယ်။

စာမေးပွဲမှာ ခုံအမှတ်များကို Coding စနစ်အသုံးပြုပါတယ်။ စာစစ်မှူး လက်ထဲမှာရှိနေတဲ့ ခုံအမှတ်များဟာ အမှန်မဟုတ်ဘဲ Coding လုပ်ထားတာ ဖြစ်တဲ့အတွက် ဖြေဆိုသူများအနေဖြင့် စာစစ်မှူးကို သိတယ်ဆိုရင်တောင်မှ ခုံအမှတ်အမှန်ကို မသိရှိနိုင်ပါဘူး။

မကြာမီစာမေးပွဲဖြေဆိုရမည့် သင်တန်းသူ/သားများအနေဖြင့် စာမေးပွဲ၏ အဆင့်အတန်း၊ အောင်မြင်သူများ၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်ကြ ရန်နှင့် စာမေးပွဲတွင် မိမိတို့၏ တတ်မြောက်ကျွမ်းကျင်မှုကို အဆင့်မြင့်မြင့်ပြသ ကြပါဟု မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) သင်တန်းသူ/သား များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် စာမေးပွဲကို အကောင်းဆုံး ဖြေဆိုနိုင်ကြပြီး ထူးထူးချွန်ချွန်အောင်ပန်း ဆွတ်ခူးနိုင်ကြပါစေလို့ ဆုတောင်း မေတ္တာပို့သလိုက်ပါတယ်။